

# လူထုအား မှတပါး ....အခြားမရှိပြီ

မယောင်ရာဆီလူး နေသည်များကို ရပ်ကြပါတော့ ဟူ၍ အစပြု ပြောချင်ပါတော့သည်။ နအဖ ကတော့ သူတို့ ဖက်က ပြင်ဆင်မှု ခိုင်မာ နေပြီ၊ အခြေသာ နေပြီဟု ယူဆ၍ ဆန္ဒခံယူပွဲ၊ ရွေးကောက်ပွဲ ရာဇသံကို တင်၍ ထိုးစစ်ကို စရန် အသံပြုလိုက်ပြီ ဖြစ်သည်။ ထို အခြေအနေ တွေကြောင့်ပဲ ထင်သည် ဒေါ်အောင်ဆန်းစုကြည်က "အကောင်းဆုံးကိုလည်း မျှော်လင့်ထားဖို့ လိုသလို အဆိုးဆုံးကိုလဲ ပြင်ဆင်ထားပါ" ဟု မကြာခင် ကမှ တပ်လှန့်ထားခဲ့ခြင်း ဖြစ်သည်။ ဒေါ်စု(DASSK) ၏ သတင်းပါးလိုက်သော ဤစကား၏ ဒုတိယပိုင်းဖြစ်သော **အဆိုးဆုံးကို ပြင်ဆင်ထား** ဆိုသည်ကို အဓိပါယ် ဖွင့်ရလျှင် ........*အဆိုးဆုံး အခြေအနေကို မရောက်အောင် တားဆီးရန် ပြင်ဆင်ထားဖို့လည်း လိုသကဲ့သို့၊ ထို အခြေအနေကို မတားဆီးနိုင်ခဲ့လျှင်လဲ အဆိုးဆုံး အခြေအနေ ကို ဖြတ်သန်းကျော် ဖြတ်နိုင်ရန် ပြင်ဆင်ထားပါ* ...... ဟူ ၍ မိမိတို့ သဘောပေါက် နားလည်ထားခဲ့ပါသည်။ ထိုကြောင့်လည်း ဤကဲ့သို့ အခြေအနေ နှစ်ခု စလုံးကို ကျော်ဖြတ်နိုင်ဖို့ရန်အတွက် ဆန္ဒစွဲများကို ဖယ်ရှား၍ လက်တွေ့ ပကတိ အခြေအနေတွေကို အခြေခံ၍ သုံးသပ် ပြင်ဆင်ကြရန် သမိုင်းက အပူတပြင်း တောင်းဆိုနေသည်မှာ ငြင်း၍ မရသော အချက် ဖြစ်ပါသည်။ ထိုကြောင့်လည်း ပြင်ဆင်သင့်သည်များကိုလဲ ပြင်ဆင် ကြပါ။ လျှို့ဝှက်သင့်သည်များကိုလဲ လျှို့ဝှက်ကြပါ။ ထိုအပြင် ဤပွဲတွင် အဓိက ပါဝင် ကပြရမည့် သူများ ဖြစ်သည့် လူထုကိုလဲ အသိပေး ချပြသင့်သည် များကိုလဲ ချပြ၍ ပြင်ဆင် ပါစေ။

မိမိနှင့် တကွ အမြင်ညီသော မိတ်ဆွေများက အခြေအနေပေးလျှင် ပေးသလို နီးစပ်သူများကိုင်၄င်း၊ မီဒီယာစာမျက်နှာများမှ တဆင့်၄င်း နအဖ အနေဖြင့် သူတို့၏ road map အဆင့် ၄ ဖြစ်သော တမတ်သား အခြခံဥပဒေ ဆန္ဒခံယူပွဲကို မကြာခင်အချိန်တွင် တက်သုတ်ရိုက်၍ ကျင်းပ အကောင်အထည် ဖေါ်သွားနိုင်သည်၊ ထိုကြောင့် မိမိတို့ ဘက်က ကြိုတင် ပြင်ဆင်မှုများကို လုပ်ထားသင့်ပြီ၊ မြန်မာပြည်တဝှမ်းတွင်လဲ နအဖ က ပြင်ဆင်မှုများ လုပ်နေသည်များကိုလဲ တွေ့နေရသည်ကိုလည်း ပြောဆိုခဲ့ပါသည်။

သို့ သော်........မိတ်ဆွေတွေ တော်တော်များများကတော့ ဤကဲ့သို့ မယူဆ ခဲ့ကြပါ။ စက်တင်ဘာ အရေးအခင်း အပြီး၏ အမှုးကလဲ မပြေသေးတာလဲဖြစ်နိုင်ပါလိမ်မည်။ နအဖ အနေဖြင့် စက်တင်ဘာ အရေးအခင်းကြောင့် ဤမျှ အကျဉ်းအကျပ်ထဲ ရောက်နေခဲ့သည်။ ထိုကဲ့သို့ အခြေအနေတွင် ထိပ်တိုက် ရင်ဆိုင်ရသည့် အခြေအနေကို ဖြစ်လာစေသည့် နိုင်ငံရေး လုပ်ကွက်မျိုးကို လုပ်လာ နိုင်လိမ့်မည် မဟုတ်၊ သူတို့ အတွင်းမှာလဲ အကျပ်အတည်းတွေ အများကြီးရှိနေသည်၊ ထို့ ကြောင့် ဆန္ဒခံယူပွဲလို ဟာမျိုးကို နအဖ အနေဖြင့် လတ်တလောတွင် တက်သုတ်ရိုက် လုပ်လာနိုင်လိမ့်မည် မဟုတ်ဟုသာ  တော်တော်များများက တုံ့ပြန်ခဲ့ကြပါသည်။ ထိုကဲ့သို့ သုံးလဲ သုံးသပ်ပြုမူခဲ့ကြပုံ ရပါသည်။

ထိုသို့ဆိုလျှင် နအဖ စစ်အုပ်စုအနေဖြင့် ဘာကြောင့် ယခုကဲ့သို့ ခြေလှမ်းမျိုးကို လှမ်းလိုက်သနည်း။ ထိုမေးခွန်းကို ဝိုင်းဝန်း၍ စဉ်းစားကြ စေချင်ပါသည်။ တွေးမိသော အမြင်တခုတော့ ရှိပါသည်။ သို့သော် ပြည့်စုံသည့် အမြင်ဟုတော့ မဆိုလိုပါ။ နအဖ က လက်ရှိ ပြည်တွင်းနိုင်ငံရေး အခြေအနေကို သူတို့ ချုပ်ကိုင်ထားနိုင်လိုက်ပြီဟု ယူဆနေပုံ ရသည်။ ဒီပဲရင်း နောက်ပိုင်း (ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဆောင် နိုင်သူများကို ဖမ်းဆီးဖိနှိပ်ခဲ့ပြီး နောက်)  အပြင်တွင် ကျန်ရှိနေသည့် ဦးဆောင် လှုပ်ရှားနိုင်သူများ (အထူးသဖြင့် ၈၈ မျိုးဆက်တွေ၊ NLD လူငယ်တွေ)  အားလုံးကို ဒီစက်တင်ဘာ အရေးအခင်းအတွင်းနှင့် နောက်ပိုင်းတွင် မြေလှန်လိုက်နိုင်ပြီဟု ယူဆနေပုံရသည်။ တချို့တွေကိုတော့ နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သော်လည်း သူတို့၏ ဒေါက်တိုင်မျိုးစုံ၏ လက်တံရှည်ကြီးများဖြင့် ရပ်ကွက်တွေထဲ ထိရောက်အောင် ထိမ်းချုပ်နိုင်လိုက်ပြီဟုလဲ ယုံကြည်နေပုံ ရပါသည်။

နိုင်ငံတကာ အခြေအနေတွေကိုတော့ နအဖ စစ်အုပ်စုအနေဖြင့် ကြောက်ယောင် ဆောင်ပြသည့် ယောင်ပြတွေမှလွဲ၍ သိပ်ပြီး အာရုံရနေခဲ့ပုံ မရပါ။  ယနေ့ ကမ္ဘာ၏ ကိုယ်ကျိုးစီးပွါးကိုသာ အခြေခံသည့် လက်တွေ့ နိုင်ငံရေးကစားကွင်းကြီးထဲမှာ နအဖ ကတော့ နိုင်ငံကြီးတွေ၊ အိမ်နီးချင်း နိုင်ငံတွေကို ထို အကျိုးစီးပွါးဆိုသည့်အပေါ်တွင်ပဲ အခြေတည်၍ လိမ်ကာ၊ ကောက်ကာဖြင့် သူတို့၏ ခြေကို ဖေါ်ပြ ကစားခဲ့ပြီး ဖြစ်သည်။  တကယ်တော့လည်း ဖိအားတွေ၊  အတားအဆီးတွေဆိုသည်မှာ နအဖ ကို အတိုင်းအတာ တခုထိ ချုပ်နှောင် ထားနိုင်ခဲ့သည် မှာ မှန်သော် လည်း နအဖ ကို အသက်ရှုကျပ်သွား လောက်အောင်၊   ဒူးထောက်သွားလောက် အောင် အခြေအနေတွေ အထိတော့ မတက်နိုင်သေးပါ။ နအဖ ကတော့ လက်ရှိ အခြေအနေတွေထိ  သူတို့နည်း၊ သူတို့ ဟန်တွေဖြင့် ကျော်လွှားနေနိုင်သေးသည်။  သို့သော်လည်း နိုင်ငံတကာမှ မိမိတို့ရဲ့ လှုပ်ရှားမှုတွေ၊ lobby တွေ ကတော့ ဆက်လက် လှုပ်ရှား နေရပေမည်။ နအဖ ၏ ထွက်ပေါက်များကို ပိုမို၍ ပိတ်ထားနိုင်သမျှ ပိတ်ဆို့ထားနိုင်အောင် ထပ်မံ၍လဲ အရှိန်မြှင့် လုပ်ဆောင် ရပေလိမ့်မည်။ သို့သော်

ထို အပေါ် အာရုံပြု၍ စောင့်နေလို့တော့ မရပေ။ ဤသည်မှာ အရံတွန်းအားသာ ဖြစ်သည်။ ထိုကြောင့်လဲ နိုင်ငံတကာ သံတမန်ရေးတွေဖြင့် လူထုကို မျက်စိမလည် သွားစေဖို့ အရေးကြီးပါသည်။

ဒီတကြိမ်တွင်တော့ နအဖ စစ်အုပ်စု အနေဖြင့် ၁၉၉၀ ရွေးကောက်ပွဲ ပုံစံအဖြစ်မျိုး ထပ်၍ သူတို့ အရောက်ခံ၍ မရကြောင်းကို သင်ခန်းစာ ယူခဲ့ပြီးပုံ ရပါသည်။ ၁၉၅၄ နှင့် ၁၉၆၀ ရွေးကောက်ပွဲများ တုံးကလို အတိုက်အခံတွေ ပြည်သူတွေကို စစ်တပ် ကျောထောက်နောက်ခံဖြင့် ပျူစောထီးတို့ ကြံခိုင်ရေးတို့က ဖိနှိပ်မှုမျိုးဖြင့် ၁၉၇၄ ၏ အောင်ပွဲကို ယူမည်ဟု မျှော်မှန်းထားပုံလည်း ရပါသည်။ တချို့က ပြောနေကြသည့် နိုင်ငံတကာ၏ မော်နီတာဆိုတာကရော.... .... နအဖ အနေဖြင့်ကတော့ စဉ်းစား ပြင်ဆင်ထားလျှင်လဲ ထားနိုင်ပါသည် သို့မဟုတ် ဂရုမစိုက် ဆိုပြီး လုပ်ချင်လဲ လုပ် နိုင်ပါသေးသည်။ နောက်ဆုံး အခြေအနေသို့ ရောက်လာခဲ့လျှင်တော့ ထိုကိစ္စသည် မိမိတို့ အတွက် လိုအပ်ပါသည် သို့သော် ပုံတော့ မအောထား သင့်ပါ။ စစ်အေးခေတ် နောက်ပိုင်း ကမ္ဘာတလွှားတွင် ဆန္ဒခံယူပွဲတွေ၊ ရွေးကောက်ပွဲတွေ အနံ့အပြားဖြစ်ပွားခဲ့သည်။ ကောင်းမွန်မျှတစွာ ပြီးဆုံးခဲ့သည်များလဲ ရှိသလို နိုင်ငံတကာက အနီးကပ် စောင့်ကြည့်နေ သူတွေများ ကြားမှ မျက်လှည့် ပြသွားနိုင်သူတွေကလဲ ဒုနဲ့ဒေးရှိ နေခဲ့သည်။ သိသိကြီးနှင့် လက်ဆုပ် လက်ကိုင် မပြနိုင်၍ ရောရီရောရဲတွေဖြစ်သွားခဲ့တာတွေလဲ ရှိခဲ့သည်။ ထို့အပြင် ပထမတန်း အနောက် နိုင်ငံတွေကလို ကွန်ပြူတာ အခြေပြု မဲပေးစနစ်မျိုး မဟုတ်၊ တတိယကမ္ဘာ့နိုင်ငံတွေက မဲရုံ စနစ် ပုံစံ ဖြစ်သည်ကိုလည်း   သတိပြု သင့်သည်။ အရှေ့တီမောလို နိုင်ငံ ငယ်မှာလိုမျိုး အဆိုးဆုံး အခြေအနေတွေ၊  သွေးမြေကျမှုတွေကို ဖြတ်သန်းပြီး နိုင်ငံတကာ၏ဝင်ရောက် ကူညီမှုကြောင့် ပန်းတိုင်တော့ ရောက်ခဲ့သည့် နိုင်ငံ အနည်းငယ်တော့ရှိခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသသည် ကျယ်ပြန့်သည်၊ ဝေးလံခေါင်သီသည်၊ အများစုသော လူဦးရေကလဲ ကျေးလက်များတွင်သာ များသည်။ မော်နီတာတွေ လက်လှမ်းမှီသည့် မြို့ကြီး၊ မြို့ငယ်တွေမှာတော့ နအဖ အနေဖြင့် လက်ဝင်လှို့ချင်မှ လှို့ လိမ့်မည်။ သို့သော် ကျေးလက်တွေကိုတော့ လက်ဝါးကြီးအုပ်၍ အနိုင်ရာခိုင်နှုန်းကို ယူသွားနိုင်လိမ့်မည်ဟု နအဖ ကတော့ တွက်ထားပုံ ရပါသည်။ ထိုကြောင့်လဲ   နိုင်ငံတကာမှ စောင့်ကြည့် နေသည်၊   အနီးကပ် မော်နီတာ လုပ်နေသည် ဆိုတာနှင့်လည်း လူထုကို ထွေပြားအောင်မဖြစ်စေချင်ပါ။

တကယ်တော့ အချိန်က သိပ်မကျန်တော့ပါ။ ပြတ်သားတဲ့ အတွေးအခေါ်တခု လူထုဆီကို ပျံ့နှံ့ ရောက်ရှိနေပြီး ဖြစ်သင့်ပါသည်။ နိုင်ငံတကာကိုအား ကိုးရမည်လော.....ခေါင်းဆောင်တွေကို ထိုင်စောင့်နေရမည်လော.....မိမိကိုယ်ကိုသာ ခေါင်းဆောင်တင် အားကိုး အားပြု၍ တော်လှန်ပြီး အောင်ပွဲ ခံကြမည်လော..... တချို့သော လူထုတွေကြားထဲတွင် ဤကဲ့သို့ အတွေး အခေါ်များ ထွေပြား နေသလို (ဒါကလဲ မိမိတို့ မညီညွတ်နိုင်မှုတွေကြောင့်လဲ သဘာဝကျနေပါသည်) မိမိတို့ တော်လှန်ရေး အင်အားစုတွေ ထဲမှာလဲ အတွေးတွေက မတင်မကျ ဖြစ်နေကြသေးသည် မဟုတ်ပါလား။

ဤတွင် အထူးပြု၍ ထပ်ပြော ချင်ပါသည်။ အချိန်က သိပ်မကျန်တော့ပါ။ လက်ရှိအချေအနေသည် မိမိတို့၏ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ် အလံကို တင်ထားသည့် တောင်ကုန်းကို စစ်အုပ်စု က တက်သိမ်း၍ မိမိတို့ တင်ထားသည့် အလံကို ဖြုတ်ချပြီး ၎င်းတို့၏ တမတ်သား အလံကို တင်ဖို့ ကျိုးစားနေခြင်း ဖြစ်သည်။ ထိုတောင်ကုန်းသည် နှစ် ဖက်စလုံးအတွက် အရေးပါသော တောင်ကုန်းလဲ ဖြစ်သည်။ နောက်ဆက်တွဲ အနိုင်အရှုံးတွေကိုလဲ ဆုံးဖြတ်ပေးနိုင်သည့် တောင်ကုန်းလဲ ဖြစ်နေသည်။ တကယ်တော့လည်း ထိုတောင်ကုန်းကို ကာကွယ်ရန်မှာ လူထုအင်အားမှ လွဲ၍ တခြား မရှိနိုင်ပါ။ ထို့ကြောင့်လဲ လူထု နှင့် ပြတ်ပြတ်သားသား လက်တွဲထားရမည့် အချိန် ဖြစ်နေပါပြီ။ လူထုထဲမှ ပေါ်ထွက်လာမည် သူရဲကောင်းများကသာ  စစ်အုပ်စု၏ ထိုးစစ်ကို ရိုက်ချိုးပစ်၍ အောင်ပွဲဆီကို ခေါ်ဆောင်သွားနိုင်မှာ ဖြစ်သည်။ ထိုကြောင့်လဲ တော်လှန်ရဲတဲ့ စိတ်ဓါတ်နဲ့ အောင်ပွဲ ခံရဲတဲ့ စိတ်ဓါတ်တွေ လူထုတွေ ကြားထဲမှာ ပျံ့နှံ့ နေပြီး မြန်မာပြည် တနံတလျှားတွင် မကတော့ပဲ ဘဝင်သို့ပါ လှုံ့ထက် လာစေအောင် အမျိုးသားညီညွတ်ရေး ထီးရိပ်အောက်တွင် မိမိတို့ အားလုံး လက်တွဲ၍ ကျရာနေရာ ကျရာတာဝန်တွေကို လုပ်ဆောင်ကြပါစို့ ......

ကိုသစ်

(10.02.08)